## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၂၆ ရက်)

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၅၀၀/- တန် အောင်ဘာလေသိန်းထီလက်မှတ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန်ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်ပြည်နယ်/တိုင်းဒေသကြီးများမှ အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဦးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူများ တင်ပြရမည်ဖြစ်ပါသည်။

(ဂ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ ( ၁၅ . ၈ . ၂၀၁၈ )ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းသွားရန်ဖြစ်ပါသည်။

(ဃ) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ (Deposit) ကျပ် (၁၀၀/-)နှုန်းဖြင့် (၃)လစာ ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(င) ထီစာအုပ်ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းချမည့် ထီစာအုပ်အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကိုဖော်ပြလျက် မပျက်မကွက်ဝယ်ယူမည်ဖြစ်ကြောင်း ပဋိညာဉ်စာချုပ်ချုပ်ဆိုရမည်ဖြစ်ပါသည်။

(စ) အကြောင်းအမျိုးမျိုးကြောင့် ထီစာအုပ်များ ဆက်လက်ဝယ်ယူရောင်းချလိုခြင်းမရှိပါက အချိန်မီတင်ပြရမည်ဖြစ်ပြီး ပေးသွင်းထားသော အာမခံငွေ(Deposit) များ ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် ပဋိညာဉ်စာချုပ်ပါသဘောတူညီချက်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး လေးစားလိုက်နာမှုမရှိပါက ပေးသွင်းထားသော အာမခံငွေ(Deposit)ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူသွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက သဘောတူညီချက် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ အာမခံငွေပေးသွင်းခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။